

ဖိုးသော်တာ

# လူတစ်ယောက်ရဲ့ ကောင်းကင်များ



Photo: Myo Min Tun ( Smile studio)

Photo: Myo Min Tun ( Smile studio)

ဖိုးသော်တာ။ ။ အမည်ရင်း ဖိုးလမင်း။ အဖ စာရေးဆရာ မြသန်းတင့်၊ အမိ ဒေါ်ခင်မမတို့ ၏ အငယ်ဆုံးသား။ ၁၉၉၆ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘာသာတွဲ၊ သမိုင်းအဓိကဘာသာဖြင့် ဘွဲ့ ရရှိခဲ့သည် ။ ၂၀၀၃ တွင် Alliance Francaise de Rangoun နှင့် နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)တို့ မှ ပြင်သစ်စာ ဒီပလိုမာ ရရှိခဲ့သည် ။ ရန်ကုန်တိုင်းမ်ဂျာနယ်၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ Hot News ဂျာနယ်တို့ တွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည် ။ အမှတ် ၁၅-၁၇ ၊ ဖျာပုံလမ်း၊ စမ်းချောင်းမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက် ရှိသည် ။

* * *



# တဟီတီကျွန်းပေါ်က ကဗျာဆရာ

မှတ်မိသမျှ၊ ကြုံတွေ့ ဖူးသမျှသူများ အကြောင်း ရေးရသည် မှာ တစ်ခါတစ်ရံ အခက်တွေ့ ရသည် ။ အထူးသဖြင့် နာမည်အခိုင်အမာရှိပြီး

သား လူလေးစားခံရသူများ အကြောင်း ရေးလျှင် ပိုစဉ်းစားရသည် ။

လူသားမှန်လျှင် ခွင့်လွှတ်နိုင်သော အနာအဆာ အနည်းငယ်ရှိသော် ငြား မိမိတို့ လေးစားသူ ဆိုလျှင် စင်းလုံးချောဟု ပင် သဘောပိုက်တတ် သည် မှာ လူ့သဘာဝ။ ထိုပုဂ္ဂိုလ်မျိုးများ အကြောင်းကို ကျွန်တော်သည် လေးစားခင်မင် စိတ်ဖြင့်သာ ရေးပြီး ကျွန်တော် မြင်မိ မှတ်မိသမျှကို ဖော်ပြခြင်း ဖြစ်ပါသည် ။ ငွေတစ်မတ်နှင့် ငါးကြင်းခေါင်း ကိုင်သည် ဟု သာ ဆိုကြပါစို့။ ဆရာတာရာ့အကြောင်း ရေးရတာ ပိုဆိုးသည် ။ ဂန္ထဝင် ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်သည့်အပြင် စာပေလောကမှာ ဩဇာ ကြီးမားလှ သော ဆရာကြီးဖြစ်သည် ။ ဆရာနတ်နွယ်ကတော့ ...

ဒဂုန်တာရာနှင့် အမျိုးသမီးစာရေးဆရာမများ အကြောင်း ရေးရ သည် မှာ မိမိအဖို့ အတော် အခက်တွေ့ရသည် ။ ဒဂုန်တာရာက အထိမ ခံဖြစ်ပြီး အမျိုးသမီး စာရေးဆရာမများကား ရွှေပန်းကန် ဖြစ်သည် "(စ ကားလုံးများကို မှတ်မိသမျှ ပြန်ရေးပြရခြင်းသာ ဖြစ်ပါသည် ) ဟု ' တောအကြောင်း တောင်အကြောင်း" ဆောင်းပါးများ တွင် ရေးဖူးသည် ။

ဆရာဒဂုန်တာရာ့ကို စတွေ့ဖူးသည် မှာ ဟာမစ်တစ်ရှိ မင်းသားကြီး ကောလိပ် ဂျင်နေဝင်း အိမ်တွင် ဖြစ်သည် ။ ဘန်ကောက်လုံချည်နှင့် ပါ တိတ်အင်္ကျီလက်တိုကို ဝတ်ဆင်ထားသော ဆံပင် ရှည်ရှည်နှင့် လူကြီး အဖြစ်သာ မြင်မိသည် ။ စကားပြောလျှင် အသံတိုးတိုးနှင့် မျက်လုံးကို တစ်နေရာသို့ လှမ်းကြည့်နေတတ်သည် ။ ထိုစဉ်က သူသည် အသက် ၆ ဂခန့် ရှိမည်ထင်သည် ။ သူ့ဆီကို အဖေ သွားတွေ့တော့ မင်းသားကြီး ကောလိပ်ဂျင်နေဝင်းက ခင်ဗျားတို့ စာပေသစ် ခေါင်းဆောင်ကြီး ရှိပါ ဗျာ"ဟု အဖေ့ကို ဆီးပြောသည် ။ နောက်ပိုင်း ဆရာတာရာ မော်ဘီဘော

လုံး စက်ရုံဘက်သို့ ပြောင်းသွားသည် ။ သူက "မိမိကိုယ်ကို မဲဇာပို့ခြင်း" ဟု အမည်တပ်သည် ။ ဆရာ တာရာသည် ကောလိပ်ဂျင်နေဝင်း၏ ဇနီး ဒေါ်ခင်မာလာ့အဖေ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျနှင့် အလွန်ရင်းနှီး သူများ ဖြစ်သည် ။ ဒေါ်ခင်မာလာနှင့် သူ့ညီမများ ဖြစ်ကြသော ဒေါ်ရိုးရိုးတို့၊ ဒေါ်တောတော (ဒေါ်ခင်အင်ကြင်းနှင့် ဒေါ်ခင်ပိတောက် ဖြစ်မည်ထင်သည် ) တို့ ကို ဗိုလ်ဇေယျ တောတွင်းတွင် အစိုးရတပ်များ နှင့် တိုက်ပွဲဖြစ် ကျဆုံးပြီးနောက်ပိုင်း သူ့သားသမီးများ သဖွယ် စောင့်ရှောက်ခဲ့သည် ဟု ကြားဖူးသည် ။ ဗိုလ်ဇေယျ တောခိုစဉ်တောတွင်းမှာ မွေးသူမို့ တောတော၊ ရိုးမထဲမှာ မွေးသူမို့ ရိုးရိုးဟု ဗိုလ်ဇေယျက အမည်ပေးခဲ့သည် ဟု လူကြီးတွေက ပြောကြသည် ။ နောက်တစ်ကြိမ်ကတော့ အိမ်လာလည်၍ ဖြစ်သည် ။ သူ့ကို ဆရာမောင်သင်းခိုင်က လေးဘီးအငှားကားပေါ်ကနေ တွဲခေါ်လာနေသည့် ပုံကို မြင်ယောင်နေသည် ။ ဆရာမောင်သင်းခိုင်က သူ့လိုဂိုဖြစ်သည့် ဂျင်းဘောင်းဘီ ဝတ်ဆင် ထားသကဲ့သို့ ဆရာတာရာကလည်း သူ့လိုဂိုဖြစ်သည့် ပါတိတ် အင်္ကျီနှင့်ပင် ဖြစ်ပါသည် ။ ၁၉၈ဝကျော်ကာလများ ဖြစ်ပါသည် ။

စတင်ဖတ်ဖူးသော ဆရာတာရာ့စာအုပ်မှာ ရုပ်ပုံလွှာ" ဖြစ်သည် ။ အဖွဲ့အနွဲ့များ ရေးဟန်ကို နှစ်သက်မိသည် ။ စာအုပ်လေးက ၁၉၅၅ ခုနှစ်ထုတ် မျက်နှာဖုံးတစ်ဝက်ပင် စုတ်ပြဲနေပြီ။ ပထမ စာမျက်နှာ အပေါ်ဘက်တွင် ကိုမြတ်လေးသို့/ တာရာဟု လက်မှတ် ရေးထိုးထားသည် ။ မင်းသားကြီး မြတ်လေးကို လက်ဆောင်ပေးထားသော စာအုပ် ဖြစ်သည် ။ သူ့ရုပ်ပုံလွှာရေးဟန်ကို ကျွန်တော် တစ်ခါတည်းနှင့် စွဲမက်သွားခဲ့သည် ။ စာရေးဟန်က ပြတ်တောင်းတောင်း၊ လူပုဂ္ဂိုလ်တို့ ၏ စရိုက် လက္ခဏာကို ထင်းခနဲမြင်အောင် ရေးပြသွားသည် ။ ကျွန်တော် မသိမမီလိုက်သော သမိုင်းဝင် ပုဂ္ဂိုလ်များကို သူ့ကျေးဇူးကြောင့် မြင်တွေ့ခဲ့ရသည် ။

သခင်သန်းထွန်း၊သခင်ဗဟိန်း၊ သခင် အောင်ဆန်းတို့ သည် သူ့အရေးအသားထဲတွင် ကြွတက်နေသည် ။ ဆရာတာရာသည် သခင်ဗဟိန်းကို အတော်ချစ်ခင်လေးစားဟန်ရှိကြောင်း သူ့စာအရေးအသားများ ထဲတွင် ပေါ်လွင်နေလေသည် ။ ရုပ်ပုံလွှာခေါင်းစဉ်ကို "ဗဟိန်း၊ သို့မဟုတ် ကဗျာ"ဟု ပေးထားသည် ။ ကဗျာကဲ့သို့ နူးညံ့သူဟု ဆိုလိုချင်သလား မသိ။ ဒုတိယကမ္ဘာစစ် စဖြစ်ချိန်က သူတို့ ၂ ဦးသည် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ယူရန် ရှမ်းပြည်ဘက် တက်သွားဖူးသည် ။ သို့ရာတွင် အင်္ဂလိပ်အစိုးရ ထောက်လှမ်းရေးက သိရှိသွားပြီး သိမှ ပြည်မသို့ ပြန်နှင်လွှတ်လိုက်သည် ။ နောက်တော့ မေ၊ သဇင်သင်းပြန်တော့၊ စာလုံး ဆေးစက်စောင်းကြိုးနှင့် ကတ္တီပါကားလိပ် စသည့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊နိုင်ငံရေးဆိုင်ရာ ဝေဖန်ချက်များကို ဖတ်မိရာ နှစ်ခြိုက်ခဲ့မိသည် ။ ဆရာတာရာသည် လူက ပျော့ပျောင်း နုဖပ်သူဖြစ်သော်လည်း သူ၏ ဝေဖန်ရေးများ သည် ထိရှချက် ပြင်းသည် ။ ကတ္တီပါ လက်အိတ် စွပ်ထားသည့် သံလက်သီးပိုင်ရှင်ဟု ဆိုရပေမည်။ သူသည် စကားလုံး အသစ် အဆန်းများကို တီထွင်နိုင်သူလည်း ဖြစ်သည် ။ ဝတ်လစ်စားလစ် လမ်းမကြီး၊ ဝေါ့ဒစ္စနေး အပြာ၊ ရွှေအိုရောင် စသည့် စကားလုံးများ သည် သူ့လက်ရာများ ဖြစ်သည် ။ ယနေ့ သုံးနေကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဆိုသည့် အမည်မှာ ဂျပန်ခေတ်က ဗိုလ်ချုပ်အောင်ဆန်း သူ့အား လူထုဆက်ဆံရေးတာဝန်ပေးစဉ်က သူ ပေးခဲ့သော အမည်ဟု သူကိုယ်တိုင်ပြောဖူးသည် ။ သူ၏ "တဟီတီ သွားရအောင်" ကဗျာသည် စာပေလောကတွင် အတော်ပွဲဆူခဲ့သည် ။ ဆရာကြီး ရန်အောင်ကပင် သူ့ကဗျာကိုကာရန်မဲ့သည် ဟု ဆိုကာ သူ့ဘာသာ ကာရန်ဖြင့် ပြန်စပ်ပြဖူးသည် ကို မှတ်မိနေသည် ။ ဆရာတာရာ့ အကြောင်းကို အပြည့်စုံဆုံး ရေးသားခဲ့သော စာအုပ်မှာ ဆရာမောင်လွန်းကြင်၏ မ

ဟာဝိဇ္ဇာ ကျမ်းပြုစာတမ်းပင် ဖြစ်မည်ဟု ကျွန်တော် ထင်သည် ။ မေးသူကလည်း နှိုက်နှိုက်ချွတ်ချွတ်ကို မေးသည် ။ တစ်နေရာတွင် ဆရာမောင်လွန်းကြင်က ဆရာတာရာသည် အဖေကို အဖေဟု မခေါ်ဘဲ "ဦး ...."ဟူ၍ သာ အမည်တပ် ခေါ်ကြောင်းကိုလည်း ထည့်မေးထားသည် ။ ဆရာ ဒဂုန်တာရာ၏ ကာရန် မဲ့ချင်မဲ့၊အဘိဓမ္မာ မမဲ့စေနဲ့ ၊ ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ ချစ်သူသာရှိစသည့် သဘောထားတို့ သည် မြန်မာစာပေနှင့် နိုင်ငံရေး လောကတွင် ပွက်လောညံခဲ့ဖူးသည် ။ လူပုဂ္ဂိုလ်များ အကြောင်း ရေးရာတွင် ကျွန်တော်သည် သူတို့ သဘောထားများ ၊ စာပေလက်ရာများကို ဝေဖန်ခြင်းမပြုဘဲကိုယ်တိုင်ထိတွေ့ ခံစားရမှုများကိုသာ ရေးဖွဲ့ခြင်း ဖြစ်ပါသည် ။ ထိုပုဂ္ဂိုလ်တို့ ၏ သဘောထားများ ၊ စာပေလက်ရာများကို ဝေဖန်ရလောက် အောင်လည်း ကျွန်တော် မစွမ်းသာပါ။ တစ်ခု သတိထားမိသည် မှာ ဆရာတာရာသည် တစ်ခုခု ပြောဆိုရေးသားပြီးလျှင် သူ့ သဘောထား ပြန်မပြင်တတ်သူ ဖြစ်သည် ။ တစ်ခါတော့ ပြင်ဖူးသည် ကို အမှတ်တရ ရှိနေမိသည် ။ ကျွန်တော့်အဖေသည် ၁၉၉၅ လောက်က အစိုးရ မျက်စိဆေးရုံတွင် မျက်စိ တက်ခွဲသည် ။ ခွဲပေးသူက ပခုက္ကူသား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာလှမြင့်ဖြစ်သည် ။ ခါတိုင်း ပုလင်းဖင်လောက်ထူသော မျက်မှန်ကြီး အမြဲတပ်နေရသော အဖေသည် မျက်စိခွဲပြီးနောက် မျက်မှန်ဒီဂရီ သိသိသာသာလျော့ကျသွားသည် ။ သူ မျက်စိခွဲတာ အောင်မြင်တော့ သူ့ရေးဖော်ရေးဖက် မျက်မှန်သမား ဆရာတာရာကို ခွဲရန်တိုက်တွန်းသည် ။ ကိုယ်တိုင် မျက်လုံး အားနည်းခဲ့သူ ဖြစ်သဖြင့် အဖေသည် မျက်စိမွဲသူများကို အထူးစာနာသည် ။ ဆရာတာရာလည်း မျက်စိကမမြင်သလောက်ပင် ဖြစ်နေသည် ။ စာရေးလျှင် သူ့တူမ ဆရာမသင်းမြစန္ဒီက မွေးသော မြေးမလေး ဒေဝီက ဘေးကနေ လိုက်ရေးပေးရသည် ။စာဖတ်တော့လည်း သူပင် ဖ

တ်ပြရသည် ။ နောက်ပိုင်း ဒေဝီ ရန်ကုန်မှာ ဗိသုကာကျောင်းတက်တော့ အောင်ပန်းအိမ်မှာ ပအိုဝ်မလေး တစ်ယောက်က ဖတ်ပြနေသည် ကို မြင်ခဲ့ရသည် ။ အစေ့ တိုက်တွန်းမှုကို ဆရာတာရာကပထမ ငြင်းသော်လည်း နောက်ဆုံးတွင် မျက်စိပြရန် သဘောတူခဲ့သည် ။အဖေနှင့် ဦးမောင်မောင်ခင်တို့ ကိုယ်တိုင် ဆရာတာရာ့ကို ဒေါက်တာလှမြင့်ထံ လိုက်ပို့ကြသည် ။ ဆရာဝန်က ခွဲလျှင် ကောင်းနိုင်သည် ၊ ခွဲမည်ဟု သဘောတူပြီးမှ နောင်တွင် စိတ်ပြောင်းသွားပြီး ခွဲမည့်နေ့ ရောက်မလာတော့ပေ။ အဖေကတော့ "ကိုဌေးမြိုင်ဟာ dependence ဘဝကို သာယာနေသူပဲ"ဟု မှတ်ချက်ချသည် ။ မျက်စိ မကောင်းတော့သော်လည်း ဆရာတာရာသည် အရောင်များကို အထူးဂရုစိုက်သူ ဖြစ်သည် ။ တစ်ခါ ကကိစ္စတစ်ခုဖြင့် ကျွန်တော်သည် ဆရာတာရာ့အား အင်တာဗျူး ရိုက်ကူးရန်အ ကြောင်းပေါ်လာသဖြင့် ရန်ကုန် တောင်ဥက္ကလာရှိ သေနတ်ပစ်ကွင်းအနီးက အိမ်ကို သွားရောက်ခဲ့သည် ။ သူ့ကို ရိုက်ကူးခါနီးတွင် ဆရာတာရာက သူ့တူမအား အိမ်တွင် ဆင်ထားသော ခန်းဆီးစ အရောင်၊ စားပွဲခင်း အရောင်များကို မေးသည် ။ သူ နှစ်သက်သည့် အရောင်များ မဟုတ်သောအခါ သူ့တူမအား "ဟာ .. မြင့်မြင့်စိန်၊ ကောင်မလေးက အတော်ခက်တာပဲ"ဟု မြည်တွန် တောက်တီးကာ အကုန်ပြန်လဲခိုင်းသည် ။ ဆရာတာရာ၏ ဇီဇာကြောင်မှုကို တူမဖြစ်သူ ဆရာမ သင်းမြစန္ဒီမှာ အတော်သည်းခံပေးရှာသည် ။

ဆရာတာရာသည် နောက်ပိုင်းတွင် တူမဖြစ်သူ နေထိုင်ရာ အောင်ပန်းမြို့ကို လိုက်ပါ နေထိုင်သည် ။ ဆောင်းတွင်းကျမှ သာ အအေးဒဏ် ရှောင်ရန်ရန်ကုန်တွင် ၃ လခန့် လာနေထိုင်လေ့ ရှိသည် ။ ဆရာတာရာ ရန်ကုန်ကနေ အောင်ပန်းပြန်ခါနီး ရက်များ တွင် ကျွန်တော်တို့ နှုတ်ဆက်ပွဲလုပ်လေ့ ရှိသည် ။ ထိုအကြံကို စတင်ဖော်ဆောင်သူများ

မှာ ရှေ့နေကြီး ဆရာ ဦးခင်မောင်အေး၊ ကိုအောင်ကြင် (ပန်းအိစံ)၊ ကိုကျော်ကျော်မျိုးဆွေ(နှုတ်ခမ်းမွှေး) နှင့် ဒေါက်တာ တင်စံဦးတို့ ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်ခန့်တွင် စတင်ခဲ့သည် ထင်သည် ။ နေရာကို အေးအေးဆေးဆေး စကား ပြောလို့ ရမည့် သန်လျင်ရှိ ကိုအောင်ကြင့်အိမ်တွင် စီစဉ်ကြသည် ။ ဆရာတာရာ၊လေထီး ဗိုလ်အုန်းမောင်တို့ ကို ဖိတ်ခေါ်ပြီး သိလိုသည် များကို မေးကြသည် ။ပုံဖျက်ခံခဲ့ရသော သမိုင်းတချို့သည် သိမီသူတို့ ၏ နှုတ်ပြောကြောင့် သမိုင်းအချို့ကို သိခွင့်ရခဲ့သည် ။ တစ်ခေါက်က ကျွန်တော်သည် ဆရာတာရာနှင့် စစ်ကြိုခေတ် အဆိုတော်ကြီး ဇာတ်လမ်းကို မေးခဲ့ဖူးသည် ။ ဆရာတာရာက ဘာမှ ပြန်မပြော၊ သူ့ထုံးစံအတိုင်း အဝေး တစ်နေရာကိုနေသည် ။ ကျွန်တော်လည်း အလိုက်တသိဖြင့် ဆက်မမေးတော့။ ကိုအောင်ကြင် ဆုံးပါးသွားတော့ ပန်းဆိုးတန်းက နန်းယု စားတော်ဆက်၊ နောက်တော့ ကမ္ဘာအေးဘုရားလမ်းက ဖူဆန်စားသောက်ဆိုင်သို့ ပြောင်းရွှေ့၍ နှစ်စဉ် နှုတ်ဆက်ဂါရဝပြုခဲ့ကြသည် မှာ ဆရာတာရာ ကွယ်လွန်သည် အထိ ဖြစ်သည် ။

နှစ်စဉ် မေလရောက်တိုင်း အောင်ပန်းတွင် ကျင်းပလေ့ရှိသော ဆရာဒဂုန်တာရာ့ မွေးနေ့ပွဲကိုလည်း ကျွန်တော်တို့ ရောက်တတ်လေ့ရှိသည် ။ ကျွန်တော်တို့ ဆိုသည် မှာ ဆရာထက်မြက်၊ စာရေးဆရာ လင်းထင်၊ပန်းချီဦးယဉ်မင်းပိုက်၊ ဆရာသန်းစိုးနိုင်၊ စန္ဒရားဦးသိမ်းမောင်၊ ကိုဇော်သိန်း (ယခု ဝါးခယ်မမြို့နယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်)နှင့်ကျွန်တော် ဖြစ်သည် ။ ဆရာမ သင်းမြစန္ဒီမှာ ရောက်လာသမျှ ဧည့်သည် တွေကို ဂရုတစိုက် ဧည့်ခံတတ်သည် ။ ထိုအချိန်က ထောက်လှမ်းရေးများ ဆရာတာရာ့မွေးနေ့ကို စောင့်ကြည့်နေချိန်လည်း ဖြစ်သည် ။ လာသည့် သူတွေက ကဗျာစာပေသမားများ ၊ နိုင်ငံရေးသမား ဟောင်းများ ၊ နိုင်ငံရေး အကျဉ်းသားများ လည်း ပါသည် မဟုတ်ပါ

လား။

တစ်ခါက ကျွန်တော်၊ စန္ဒရားဦးသိမ်းမောင်နှင့် ဆရာသန်းစိုးနိုင်တို့ ဆရာတာရာ နေ့လယ်နေ့ခင်း တစ်ရေးအိပ်နေစဉ် အောင်ပန်းနေအိမ်သို့ ရောက်သွားကြသည် ။ ဆရာတာရာ၏ အိမ်ရှေ့ခန်းတွင် အော်ဂင်တစ်လုံး ရှိနေသည် ။ ဆရာတာရာ လက်စမ်းသည့်အော်ဂင် ဖြစ်မည်။ ဆရာတာရာ သည် လည်း စန္ဒရားတီးတတ်သူ ဖြစ်သည် ။ "ကျွန်တော် စန္ဒယားတီးရင် တော်ရုံတန်ရုံ အဆိုတော်မျိုးနဲ့ မဖြစ်ဘူး။ ဒေါ်စောမြအေးကြည်လို အဆိုတော်ကြီးမျိုးနဲ့ မှ တီးချင်တာဟု ဒဂုန်တာရာက ဆိုလိုက်သဖြင့် ကျွန်ုပ် အတော် မျက်လုံး ပြူးသွား၏ " ဟူသော "တစ်သက်တာမှတ်တမ်း"ထဲက ဆရာကြီးရွှေဥဒေါင်း ရေးသားချက်ကို သတိရမိသည် ။ ဆရာတာရာ့ကို မနိုးစေဘဲ စန္ဒရား ဦးသိမ်းမောင်က အော်ဂင်ကို တို့ထိ အသံစမ်းနေရာ အခန်းတွင်းမှ "ကိုသိမ်းမောင် ရောက်နေတာလား ဆိုပြီး ဆရာတာရာ ထွက် လာလေသည် ။ လေးလေးသိမ်း၏ လက်ကျသံကို သိရှိနေသည် ။ ကမ္ဘာ့ဂီတ အကြောင်းကို ဆရာတာရာက လေးလေးသိမ်းနှင့် မေးမြန်း ဆွေးနွေး ကြသည် ။ ကျွန်တော် ပါလာမှန်းသိတော့ "ကိုမြသန်းက ခင်ဗျားတို့ မောင်နှမတွေ ကျွန်တော်ကို ဦးလေးလို့ခေါ်တာ သဘောကျဟန် မတူဘူးဗျ။ ကျွန်တော်က သူ့ထက် အသက်ကြီးတာကိုး'ဟု မပွင့်တပွင့်ပြုံးကာ ပြောပြလေသည် ။

ဆရာတာရာသည် လက်ဝဲဝါဒကို ကွယ်လွန်ချိန်ထိ ဆုပ်ကိုင်သွားခဲ့သူ ဖြစ်သည် ။ ကျိုက်လတ်သား ဦးလေးကြီး တစ်ယောက်က 'ဦးငွေးမြိုင်က တကယ့်လူကွာ။ သူ့မိဘတွေက လယ်ပိုင်တွေ၊ ကျိုက်လတ်က သူ့မိဘလယ်တွေကို ဆင်းရဲသား လယ်လုပ်သူတွေကိုခွဲဝေပေးဖို့ မိဘတွေကိုတောင်းဆိုဖူးတယ်ကွ"ဟု ကျွန်တော့်ကို ပြောဖူးသည် ။ ခွဲပေးဖြစ်၊ဖြစ်တော့ သူလည်း မသိပါ။ ဆရာတာရာသည် ကွယ်လွန်သည် ထိ

ဘာမှ မပိုင်ဆိုင်သွားပါ။ ဘာကိုမှ လည်း ပိုင်ဆိုင်ချင်စိတ် ရှိဟန် မတူပါ။ အာဏာပိုင်များ နှင့်လည်း ခေတ်အဆက်ဆက် ကင်းကင်းရှင်းရှင်း နေသွားသူ ဖြစ်ပါသည် ။ မြန်မာပြည်၏ အာရင်ဘတ်ဟု တင်စား၍ ရနိုင်သော ဒဂုန်တာရာ ဟူသော အမည်သည် မြန်မာစာပေ ကဗျာကောင်းကင်တွင် အမြဲလင်းလက်နေမည့် ကြယ်ပွင့်ကြီး ဖြစ်ပါသည် ။

**(စာပြီးရက်-၂၅၊ ဇန်နဝါရီ၊ ၂၀၁၉)**

* * *